# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 8, 2020 Volume 27, Number 4


| ၈.၁.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၉၃/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၇/- ကျပ် |
| CBM Rate | = ၁၄၆၁.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၂၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၃.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၀၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၀.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၆.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဟောင်ကောင်နှင့်စင်ကာပူ၊ ထိုင်းစသည့် အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်အားကောင်းလာမည်ဟုဆို



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဟောင်ကောင်နှင့်အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်အားကောင်းလာမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ “နောက်တစ်ခုထပ်ပြီး အဓိက အားကောင်းနိုင်တာက အာဆီယံနိုင်ငံတွေက စင်ကာပူတို့၊ ထိုင်းတို့ အထူးသဖြင့်ပေါ့။ အဲဒီနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုဆက်ပြီး အားကောင်းမယ်။ ဟောင်ကောင်ရဲ့ ရင်းနှီးမြှုပ်နှံမှုဆက်ပြီးတော့ မြန်မာပြည်မှာ အားကောင်းနိုင်တယ်” ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောကြားသည်။

လက်ရှိတွင် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံများမှာ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုစသည့် နိုင်ငံပေါင်းကိုးနိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၈၇၆ ခုရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၃ ဘီလျံခန့်ရှိသည်။ ယင်းအနက် မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံထားသည့် အာဆီယံကိုးနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈ ဘီလျံကျော်အထိ ရှိသည်။စုစုဝင်ရောက်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၄၆ ရာခိုင်နှုန်းကျော်အထိရှိသည်။ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၂၂ ဘီလျံကျော်ရှိပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ရာခိုင်နှုန်းကျော် ရှိသည်။

ထိုင်းနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၁ ဘီလျံကျော်ရှိပြီး အများဆုံးရင်းနှီးမြုပ်နှံထားသည့် နိုင်ငံများအဆင့်သတ်မှတ်ချက်၌ အဆင့်သုံးနေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုပမာသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလျံကျော်ရှိပြီး နိုင်ငံလိုက်အဆင့်တွင် အဆင့် ခုနစ်နေရာတွင်ရှိသည်။ မလေးရှားနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုသည် အမေရိကန်ဒေါ်လာ နှစ်ဘီလျံနီးပါးရှိပြီး နိုင်ငံလိုက်အဆင့်တွင် အဆင့်ရှစ် နေရာတွင်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာသန်း ၂၇၀ ကျော်ရှိပြီး အဆင့် ၁၄ ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့်ရှိ ပြီး အဆင့် ၁၇ ဖြစ်သည်။
ဘရူနိုင်းနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုပမာဏ သည် အမေရိကန်ဒေါ်လာသန်း ၁၂၀ ကျော် ရှိပြီး အဆင့် ၂၀ ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်ရှိပြီး အဆင့် ၃၁ နှင့် လာအိုနိုင်ငံ၏ ရင်းနှီးမြုပ်နှံမှုသည် အမေရိကန်ဒေါ်လာ တစ်သန်းအောက်သာရှိပြီး အဆင့် ၄၈ နေရာတွင် ရှိသည်။

ဟောင်ကောင်၏ ရင်းနှီးမြုပ်နှံမှုလုပ်ငန်းပေါင်း ၂၃၀ ကျော်မှ ရင်းနှီးမြုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ကိုးဘီလျံကျော် ရှိသည်။ စုစုပေါင်း ရင်းနှီးမြုပ်နှံမှုပမာဏ၏ ၁၁ ရာခိုင်နှုန်းကျော်ရှိပြီး အများဆုံး ရင်းနှီးမြုပ်နှံ ထားသည့်နိုင်ငံများ အဆင့် သတ်မှတ်ချက်၌ အဆင့် ၄ နေရာတွင်ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာ့နိုင်ငံအရေး အခြေအနေအရ အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ ရင်းနှီးမြုပ်နှံမှုများမျှော်မှန်း၍ မရနိုင်သေးကြောင်းသိရသည်။ သို့သော်လည်း အာရှစီးပွားရေး အင်အားကြီး နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံများ၏ ရင်းနှီးမြုပ်နှံမှုများ ဆက်လက်တိုးတက်လာမည်ဖြစ်ကြောင်း ရင်းနှီးမြုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောကြားသည်။ လက်ရှိ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍသုံးခုသည် နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုဝင်ရောက်ရန် အဓိကအလားအလာကောင်းသောကဏ္ဍများဖြစ်ကြောင်း ရင်းနှီးမြုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောကြားသည်။

**Source:** https://news-eleven.com/article/153084

## တရုတ်နိုင်ငံသို့ ဆန်တန်ချိန်ငါးသောင်း တင်ပို့ခွင့်စာချုပ်ထပ်ချုပ်ပြီး လမ်းကြောင်းအသစ်အဖြစ် ချင်းရွှေဟော်လမ်းကြောင်းမှ ယခုလအတွင်း စတင်တင်ပို့မည်



တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀၀၀ ကို ကုန်စည်ဖလှယ်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် မန္တလေးဆန်စပါးဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ နှင့် တရုတ်နိုင်ငံရွှေချိုင့်ကုမ္ပဏီတို့ ဆန်တန်ချိန် ၁၀၀၀၀၀ တင်ပို့ခွင့် B to B စာချုပ်ခဲ့ပြီး နောက်ထပ်တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၀၀ တင်ပို့ခွင့်စာချုပ်ထပ်ချုပ်ပြီး မူလပို့နေကျလမ်းကြောင်း မူဆယ်မှ မတင်ပို့ဘဲ လမ်းကြောင်းအသစ်အဖြစ် ချင်းရွှေဟော်လမ်းကြောင်းမှ ယခုလအတွင်း စတင်ပြီးတင်ပို့မည်ဟု Mandalay Rice Development ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းကျော်က ပြောကြားသည်။

"မူဆယ်ကနေ တရုတ်နိုင်ငံဘက် တင်ပို့နေတာက Mandalay Rice Development ကုမ္ပဏီနဲ့ မူဆယ်ဆန်စပါး ဖွံ့ဖြိုးရေးကုမ္ပဏီ နှစ်ခုရှိတယ်။ ကျွန်တော်တို့ ဘော်ဒါထရိတ်ကို အားစိုက်လုပ်နေရတယ်။ ကျွန်တော်တို့ အနေနဲ့က ပထမကုမ္ပဏီတစ်ခုနဲ့ တန်ချိန် ၁၀၀၀၀၀ MoU ထိုးထားတယ်။ တန်ချိန် ၁၀၀၀၀၀ လက်ရှိအခြေအနေက တန်ချိန် ၅၀၀၀ လောက် တင်ပို့ရသေးတယ်။ ဘာလို့လဲဆိုတော့ အခက်အခဲတွေ အများကြီးကြုံရတယ်။ ဘာအခက်အခဲလဲဆိုတော့ ကျွန်တော်တို့နဲ့ချိတ်ဆက်ပေးတဲ့ ကုမ္ပဏီက သူတို့နိုင်ငံ ဆန်လုပ်ငန်းလုပ်တဲ့သူတွေမဟုတ်ဘူး။ ဆန်အကြောင်းနားမလည်ဘူး။ ကျွန်တော်တို့ မြန်မာဘက်က ဆန်တင်ပို့တဲ့ ကုမ္ပဏီတွေ ဆန်အကြောင်းအရာတွေ အကုန်နားလည်တဲ့သူတွေဖြစ်တယ်။ သူတို့နိုင်ငံ ဆန်ဘာမှမသိတဲ့ ကုမ္ပဏီနဲ့ချိတ်ပြီး အစိုးရက လက်မှတ်ထိုးဖို့စီစဉ်ပေးတော့ အကျိုးရလဒ်မကောင်းဘူးလို့ပြောလို့ရတယ်။ ကျွန်တော်တို့ လိုချင် တာက သူတို့နိုင်ငံဘက်မှာလည်း ဆန်လုပ်တဲ့သူ ဖြစ်ရမယ်။ ဒီဘက်ကလည်း ဆန်လုပ်ငန်း လုပ်တဲ့သူအချင်းချင်း စာချုပ်ချုပ်ပြီး

အလုပ်လုပ်ချင်တာပါ။ အခုက တစ်ဖက်က ဆန်အကြောင်း နားမလည်ဘဲ ကျွန်တော်တို့က နားလည်တော့ အဆင်မပြေဘူး။ နိုင်ငံတော် အကြီးအကဲတွေ အနေနဲ့ နောက်ဆို ဆန်တကယ်လုပ်တဲ့ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးစေချင်တယ်။ အခုနောက်ထပ် ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ထပ်ချုပ်ထားတယ်။ စာရွက်စာတမ်း လုပ်နေပါပြီ။ တင်ပို့ရင် ပို့နေကြ မူဆယ်လမ်းကြောင်း မတင်ပို့ပါဘူး။ လမ်းကြောင်းအသစ် ချင်းရွှေဟော်ကနေ တင်ပို့ကြည့်မယ်။ အဲဒီကုမ္ပဏီနဲ့ အဆင်ပြေမလားပေါ့။ တန်ချိန် ၅၀၀၀၀ တင်ပို့ဖို့ စာချုပ် ထပ်ချုပ်ထားတယ်။ လာမယ့် တစ်ပတ်ထဲ တင်ပို့နိုင်အောင် ကြိုးစားနေတယ်။ တရုတ်ပြည်ကို တင်ပို့ဖို့ ဆန်လုံးရှည် တင်ပို့ဖို့ စာချုပ်ချုပ်ထားတာပါ” ဟု Mandalay Rice Development ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းကျော်က ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် ဆန်စားသုံးသူဦးရေများသော နိုင်ငံတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသော နိုင်ငံတစ်ခုဖြစ်သည်။ အဆိုပါ ဈေးကွက်အားသာချက်များရှိနေသော်လည်း မြန်မာနိုင်ငံဘက်မှ အရည်အသွေးပိုင်းနှင့် ဈေးကွက်ဝင်ဆန်အမျိုးအစားများကို တင်ပို့နိုင်မှုအားနည်းနေသေးကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းကြောင့် ပြည်ပသို့ မြန်မာ့ဆန်နှင့် ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက် မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ စုစုပေါင်းတန်ချိန် ၂ ဒသမ ၃၅၅ သန်းတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၀၉ ဒသမ ၆၉၃ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က ထုတ်ပြန်ထားသည်။ ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်နှင့် ဆန်ကွဲ တင်ပို့မှုသည် ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တင်ပို့မှု တန်ချိန် ၁ ဒသမ ၂ သန်းကျော် လျော့ကျခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံမှဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိက ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။

**Souce:** https://news-eleven.com/article/153064

## ပြည်တွင်းအခေါက်ရွှေဈေး တစ်ရက်အတွင်း ကျပ်တစ်သောင်းခန့်ပြန်ကျ



အမေရိကန်နှင့် အီရန်တင်းမာမှုအခြေအနေကြောင့် ပြည်တွင်းအခေါက်ရွှေဈေး တစ်ဟုန်ထိုးပြန်လည်ခုန်တက်ခဲ့ပြီးနောက် တစ်ရက် အတွင်း တစ်ကျပ်သားလျှင် ကျပ် ၁၀၀၀၀ ခန့် ပြန်လည်ကျဆင်းခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဇန်နဝါရီ ၇ ရက်တွင်ပြောသည်။ "လတ်တလောက ပြည်တွင်းဒေါ်လာ ဈေးလည်း ကျတယ်။ ဒေါ်လာဈေးထပ်ကျမှာ ဖြစ်တဲ့အတွက် ရွှေဈေးက ပြန်ကျသွားမှာပါ။ အမေရိကန်ကိစ္စငြိမ်သွားတာနဲ့ ရွှေဈေးလည်း ပြန်ကျသွားမှာပါ"ဟု ၎င်းက ပြောသည်။

အရှေ့အလယ်ပိုင်းအခြေအနေများတင်းမာမှုကြောင့် ဇန်နဝါရီ ၆ ရက်က ပြည်တွင်းရွှေဈေးကွက် ပြန်လည်ဖွင့်လှစ်သည့် နံနက်ပိုင်း အဖွင့်ဈေးတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၈၀၀၀ အထိ မြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၅၇၂ အထိရှိခဲ့သည်။ ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းအဖွင့်ဈေး ကွက်တွင်မူ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၈၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့ပြီး ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၅၆၉ သို့ ပြန်လည်ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာငွေလဲနှုန်းမှာလည်း ဇန်နဝါရီ ၇ ရက် ဈေးကွက်အတွင်း ပြင်ပငွေလဲနှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ဝယ် ဈေးကျပ် ၁၄၇၀ နှင့် ရောင်းဈေး ၁၄၇၄ ကျပ် ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်းသိရသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၂ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၅၀၉ ကျပ်နှင့် ရောင်းဈေး ၁၅၁၃ ကျပ်ရှိခဲ့သဖြင့် လက်ရှိ ဒေါ်လာငွေလဲ နှုန်းများသိသာစွာကျဆင်းလာခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/133475.html

# ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်အားလုံး ဒစ်ဂျစ်တယ်စနစ်ပြောင်းမည်




မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) တွင် လုပ်ငန်းခွင့်ပြုချက်လျှောက်ထားသည့် လုပ်ငန်းစဉ်အားလုံးကို ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ကိုင်နိုင်ရန်ဆောင်ရွက်သွားမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန DICA ၏ ဌာနဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးကိုလည်း ယခု ၂၀၂၀ အတွင်း ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲကျင့်သုံးသွားမည်ဟု ၎င်းက ပြောသည်။ DICA သည် စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) ၏ လုပ်ငန်းခွင့်ပြုချက်ရရှိရေး လျှောက်ထားခြင်းကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးရသည့်ဌာနဖြစ်သည်။


ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရာတွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းခွင့်ပြုချက် ချထားပေးသည့်ကိစ္စများအထိ ပါဝင်နေမည်ဖြစ်ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကိုက်ညီသည့် အွန်လိုင်းစနစ် ဖြစ်ရေးအတွက် ဆော့ဖ်ဝဲရေးဆွဲ သွားရန်လည်း ပြင်ဆင်ထားသည်ဟု ၎င်းကပြောသည်။ ထို့အတွက် နည်းပညာအကူအညီပိုင်းရရှိရေးအတွက် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင် (IFC) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။ "နည်းပညာပိုင်းတွေ အများကြီးပြင်ဆင်ဖို့လိုတာရယ်၊ ဘတ်ဂျက်အတွက် ထပ်တိုးဘတ်ဂျက်မှာ တောင်းခံရမှာရယ်ကြောင့် အခုကတည်းက လုပ်နေပေမဲ့ နှစ်ကုန်ပိုင်းလောက်မှာတော့ ဒါကို အစမ်းအနေနဲ့ စနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ၎င်းကပြောသည်။

DICA သည် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို MyCo အွန်လိုင်းစာမျက်နှာတွင် အွန်လိုင်းစနစ်ဖြင့် လုပ်ဆောင်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁ ရက်က ပြောင်းလဲထားခဲ့ပြီးဖြစ်သည်။ MyCo အဖြစ် အွန်လိုင်းစနစ်ပြောင်းလဲလိုက်ခြင်းကြောင့် ကုမ္ပဏီမှတ်ပုံတင်ကိစ္စများတွင် ဒစ်ဂျစ်တယ်စနစ် ဖြစ်လာသော်လည်း အလုပ်လုပ်ကိုင်ခွင့်ပါမစ် (Work Permit) လျှောက်ထားခြင်းနှင့် ဗီဇာခွင့်ပြုချက် ကိစ္စရပ်များတွင် စာရွက်စာတမ်းတင်ပြနေရဆဲဖြစ်နေသည်ဟု ဦးသန့်စင်လွင်က ပြောသည်။ "ဒါတွေကတော့ DICA ဌာနတစ်ခုတည်းနဲ့ မရတဲ့ကိစ္စဖြစ်နေတယ်။ အဲဒီအတွက် အခြားသက်ဆိုင်ရာဌာနတွေရဲ့ ကူညီမှုတွေရဖို့အတွက်လည်း လုပ်ဆောင်နေပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လုပ်ငန်းလိုင်စင်ကိစ္စရပ်များ၊ သက်ဆိုင်ရာဌာန ခွင့်ပြုချက် တောင်းခံခြင်း ကိစ္စရပ်များ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၏ ထောက်ခံချက်ရရှိရေး တောင်းခံခြင်းကိစ္စရပ်များ၊ အခွန်အခ ပေးဆောင်ရန် လိုအပ်သည့်ကိစ္စရပ်များအတွက် သာမန်မိရိုးဖလာ စာရွက်စာတမ်းစနစ်ဖြင့်သာသွားနေခြင်းကြောင့် အဂတိ လိုက်စားမှုများကို ကြီးမားစွာဖြစ်နေစေသည်ဟု စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။

**Source:** https://myanmar.mmtimes.com/news/133482.html

## အသစ်ဖန်တီးထားသည့် လက်မှုဝါးမီးအိမ်များကို ဥရောပကုန်စည်ပြပွဲသို့ တင်ပို့ပြသမည်



လက်မှုအနုပညာလုပ်ငန်းများထွန်းကားသည့် မန္တလေးမြို့မှ မြန်မာ့ဝါးလက်မှုပညာရှင် တစ်ဦးက ၂၀၂၀ ပြည့်နှစ် နှစ်သစ်အတွက် ဖန်တီးမှုအစီအစဉ်အဖြစ် ပြုလုပ်ထားသည့် ဝါးမီးအိမ်ပုံစံအသစ်များကို ထပ်မံဆန်းသစ် ထုတ်လုပ်လိုက်ပြီး ဥရောပကုန်စည်ပြပွဲသို့ တင်ပို့ပြသရန်စီစဉ်လျက်ရှိကြောင်းသိရသည်။ "လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ဝါးမီးအိမ်တွေကို ကိုယ်ပိုင်ဟန်နဲ့ တီထွင်ထုတ်လုပ်လာရာမှာ အခု ၂၀၂၀ ပြည့်နှစ်ထဲမှာတော့ ဝါးမီးအိမ် မူပိုင်ဒီဇိုင်းပုံစံသစ် အနည်းဆုံး အမျိုး ၅၀ လောက်ကို ဆန်းသစ်ထုတ်လုပ် သွားမှာဖြစ်ပြီး အဲဒီထဲကမှ ပုံစံသစ်တချို့ကို ဥရောပကုန်စည်ပြပွဲအထိ တင်ပို့ပြသသွားဖို့ရှိပါတယ်။ ဝါးလက်မှုပစ္စည်းတွေကိုမှာယူနေတဲ့ နိုင်ငံခြားကအသုံးပြုသူတွေရဲ့ တိုက်တွန်းချက်ကြောင့်ရော မြန်မာ့ဝါးလက်မှုပညာကို ကမ္ဘာသိအောင်အတွက် ရည်ရွယ်ချက်နဲ့ဒီနှစ်အတွင်း သွားရောက်ပြသနိုင်ဖို့ ချိတ်ဆက်ထားပါတယ်။ ဒီဝါးမီးအိမ် တွေဟာဆိုရင် နိုင်ငံတကာ ဝါးလောကနှုန်းတွေအတိုင်း စနစ်တကျထုတ်လုပ်ထားတဲ့အပြင် စက်အကူမပါဘဲ လက်မှုသီးသန့်နဲ့ ထုတ်လုပ်ထားတာဖြစ်လို့ အခုဆိုရင် နိုင်ငံတကာဝါးလက်မှု ပစ္စည်းဈေးကွက်ကပါ လက်ခံအသိအမှတ်ပြုလာတာဖြစ်ပါတယ်"ဟု ဘိုးသိကြားမင်း အနုပညာလုပ်ငန်းမှ မြန်မာ့ဝါးလက်မှုပညာရှင် ဆရာဝင်းမော်ငြိမ်းက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

လက်ရှိတွင် ဝါးမီးအိမ်များကို ပြည်တွင်းရှိ ဟိုတယ်၊ မိုတယ်များနှင့်စားသောက်ဆိုင်များတွင် အလှဆင်ပစ္စည်းအဖြစ် ချိတ်ဆွဲအသုံးပြုမှု များပြားလာရာ မန္တလေး၊ ရန်ကုန်၊ တောင်ကြီး၊ မုံရွာ၊ ပုဂံ၊ ညောင်ဦးနှင့် ထားဝယ်ဟိုတယ်ဇုန်တို့မှ အများဆုံး မှာယူကြပြီး ပြည်ပဈေးကွက်အဖြစ် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့တင်ပို့ မှုများကြောင်းသိရသည်။ မြန်မာ့ရိုးရာ ဝါးလက်မှုကို ကမ္ဘာ့အဆင့်မီမြင့်တင်ထုတ်လုပ်ပေးနိုင်ရန်၊ ပြည်တွင်းဝါးလက်မှုလုပ်ငန်းများ အဆင့်မြင့်တိုးတက်စေရန်၊ အလုပ်အကိုင် အခွင့်အလမ်းအသစ် များ ပေါ်ထွန်းစေရန်၊ ရေရှည်ပြည်ပပို့ကုန်အဖြစ် အောင်မြင်သည်အထိ ကြိုးစားဖော်ဆောင်သွားရန် ရည်ရွယ်ချက်များဖြင့် ဝါးလက်မှုပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ဝါးအမျိုးအစား ပေါင်း ၂၀ ကျော်ရှိသည့်အနက်မှ ဝါးပိုးဝါးနှင့်ကြသောင်းဝါးတို့ကိုသာ ဝါးမီးအိမ်ပြုလုပ်ရာတွင်အသုံးများ၍ ပြည်တွင်း ဈေးကွက်၌ ဝါးမီးအိမ်တစ်လုံးလျှင် အရွယ်အစားနှင့် ဒီဇိုင်းပေါ်မူတည်ကာ အနည်းဆုံး ကျပ် ၂၀၀၀၀ ဝန်းကျင်မှ ဈေးနှုန်း အစားစားရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/133451.html

## စားသုံးဆီဈေးနှုန်းတွေ တရိပ်ရိပ်တက်




ပြည်တွင်း၌ အများဆုံးအသုံးပြုနေရသော စားအုန်းဆီဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာနေပြီး လက်ရှိတွင် လက်လီဈေးတစ်ပိဿာလျှင် ကျပ် ၂,၁၀၀ ကျော်အထိ ရှိလာသည်။ စားအုန်းဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလဆန်းပိုင်းက လက်လီဈေးတစ်ပိဿာလျှင် ၁၅၅၀ ဝန်းကျင်သာရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်ခဲ့ပြီး ယခုကဲ့သို့ ကျပ် ၂၁၀၀ ကျော်အထိ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ "နိုင်ငံခြားတင်သွင်းတဲ့ ဈေးကိုကမြင့်နေလို့ ပြည်တွင်းဈေးကမြင့်နေတာပါ။ ဟိုဘက်မှာလည်း နိုင်ငံခြား ဈေးက တော်တော်မြင့်တက်တာအပြင် ပြည်ပမှာလည်း ဘိုင်အိုဒီဇယ်ချက်ဖို့ စားအုန်းဆီဝယ်လိုအားက မြင့်နေတော့ ပြည်တွင်းဈေးတက်နေတာ"ဟု မြန်မာနိုင်ငံ စားအုန်းဆီတင်သွင်းသူများအသင်း အတွင်းရေးမှူးဦးစံလွင်ကပြောသည်။ စားအုန်းဆီများကို မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံများမှ အဓိကတင်သွင်းရခြင်းဖြစ်ပြီး လစဉ်စားအုန်းဆီတန်ချိန် သုံးသောင်းမှ ငါးသောင်းအထိ တင်သွင်းရကြောင်း၊ ဈေးနှုန်းကို မလေးရှားနိုင်ငံ၏ စားအုန်းဆီဈေးကွက်ကို အခြေပြု တွက်ချက်လေ့ ရှိကြောင်း ၎င်းကပြောသည်။

ယခုကဲ့သို့ ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် စားအုန်းဆီဈေးကွက်အတွင်းဝယ်ယူရန် စောင့်ကြည့်အနေအထား ဖြစ်နေပြီး ဈေးကွက်အရောင်းအဝယ်လည်း နည်းပါးနိုင်ကြောင်း ဆီလုပ်ငန်းရှင်များက မှတ်ချက်ပြုသည်။ "ဆီဈေးတက်တော့ အဝယ်လည်းလျော့တယ်။ အရင်က တစ်လကို ၁၀ ပိဿာပုံး တစ်သောင်းလောက် ရောင်းရပေမဲ့ အခုက ၇,၀၀၀ လောက်ပဲ ရောင်းရတော့တယ်။ လက်ရှိစားအုန်းဆီက မလေးကပဲ မဖြစ်မနေမှာသုံးနေရတော့ ဈေးကတော့ ဆက်မြောက်နေမှာပဲ။ ဈေးကတော့ ခန့်မှန်းလို့မရနိုင်သေးဘူး"ဟု မုံရွာအခြေစိုက် ရွှေညာသားစားသုံးဆီ ဖြန့်ဖြူးရေးလုပ်ငန်းပိုင်ရှင် ဦးဝင်းထွန်းက ပြောသည်။ ရာသီဥတုအခြေအနေအရ ဒီဇင်ဘာလပိုင်းတွင် အရည်အသွေးမြင့်စားအုန်းဆီကို တင်သွင်းရသဖြင့် ဈေးနှုန်းများ မြင့်တက်လေ့ရှိသော်လည်း ယခုနှစ်တွင်မူ ပုံမှန်ထက် ဈေးနှုန်းများ ပိုမိုမြင့်တက်နေခြင်း ဖြစ်ကြောင်းလည်း ၄င်းက ပြောသည်။ "စားဆီဈေးတက်တာတော့ မကောင်းဘူးလို့ပြောရမှာပဲ။ စားတဲ့သူတွေအနေနဲ့ ဈေးကြီးပေးဝယ်ရတယ်။ အရင်က ၅၀ သား ဆီတစ်ဘူးကို ၁,၂၀၀ လောက်နဲ့ ဝယ်စားနေရတာကနေ ၁,၅၀၀ လောက်နဲ့ ဝယ်စားနေရတယ်။ အပေါ်စားကော၊ အောက်စားကော နှစ်မျိုးလုံး ဈေးတက်တယ်။ ခါတိုင်းက ဒေါ်လာဈေးငြိမ်ရင် ဆီဈေးငြိမ်တယ်။ ခုက ဒေါ်လာဈေးက ငြိမ်ပေမဲ့ ဆီဈေးက တက်နေတယ်" ဟု ဦးဝင်းထွန်းကပြောသည်။

လက်ရှိစားအုန်းဆီဈေးနှုန်းမြင့်တက်မှုသည် ပြည်ပဆီဈေးနှုန်း ပေါက်ဈေးများကြောင့် မြင့်တက်လာခြင်းဖြစ်ပြီး ဈေးနှုန်းများ ဆက်လက်မြင့်တက်လာပါက ပြည်တွင်းထုတ်ကုန်ဖြစ်သော နေကြာဆီဈေးကွက်သို့ ပြောင်းလဲလာနိုင်ကြောင်း ဆီစက်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကမှတ်ချက်ပြုသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နေ့စဉ်ကုန်စည်ဈေးနှုန်းများအရ မြေပဲဆီ (လတ်) ဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၄၉၀၀ ရှိပြီး မြေပဲဆီ (ရှယ်) ဈေးနှုန်းသည် တစ်ပိဿာလျှင် ၇၃၀၀ အထိရှိသည်။ နှမ်းဆီဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၈၀၀၀ ဖြစ်ပြီး ဈေးနှုန်းများ များစွာကွာဟမှုမရှိပေ။ နေကြာဆီဈေးနှုန်းသည် တစ်ပိဿာလျှင် ပျမ်းမျှ ၃၂၀၀ ခန့် ပေါက်ဈေးရှိနေပြီး လာမည့်နှစ်များတွင် ပြည်တွင်းထုတ်ဆီများ ဈေးကွက်ရရှိရန်နှင့် စိုက်ဧကများတိုးချဲ့သွားရန် စီစဉ်ထားကြောင်း ဆီစက်ပိုင်ရှင်လုပ်ငန်းရှင်များအသင်းထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/133485.html

## ကိုရီးယားသမ္မတနိုင်ငံအတွင်းရှိ ဗီဇာမဲ့နိုင်ငံခြားသားများ နေရပ်ပြန်လည်ထွက်ခွာရေးနှင့်စပ်လျဉ်း၍ ကိုရီးယားတရားရေးဝန်ကြီးဌာနမှ ၁၀.၁၂.၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့်ကြေညာချက်

ကိုရီးယားသမ္မတနိုင်ငံအတွင်းရှိ ဗီဇာမဲ့နိုင်ငံခြားသားများ နေရပ်ပြန်လည်ထွက်ခွာရေးနှင့်စပ်လျဉ်း၍ ကိုရီးယား တရားရေးဝန်ကြီးဌာနမှ ၁၀.၁၂.၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ကိုရီးယား သမ္မတနိုင်ငံ အတွင်း အကြောင်းအမျိုးမျိုးဖြင့် ဗီဇာမဲ့နေထိုင်လျက်ရှိသော နိုင်ငံခြားသားများအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် ဇွန်လ(၃၀) ရက်နေ့အတွင်း ကိုရီးယားနိုင်ငံမှ မိမိဆန္ဒအလျှောက် ပြန်လည်ထွက်ခွာမည်ဆိုပါက ဒဏ်ကြေးငွေများ ပေးဆောင်ရန် မလိုအပ်ဘဲ နောက်တစ်ကြိမ် ပြည်ဝင်ခွင့်လည်း ရရှိမည်ဖြစ်ပါသည်။ ယင်းကာလအတွင်း မိမိဆန္ဒအလျှောက် ထွက်ခွာခြင်း မပြုဘဲ ၂၀၂၀ ပြည့်နှစ် မတ်လ(၁)ရက်နေ့မှစတင်၍ ဖမ်းဆီးထိန်းသိမ်းခံရပါက ဗီဇာမဲ့နေထိုင်မှုသက်တမ်းပေါ်မူတည်၍ ဒဏ်ကြေးငွေများ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ ဒဏ်ကြေးငွေအဖြစ် –

(၁) ဗီဇာမဲ့ကာလ(၁)လအတွင်းဖြစ်ပါက ဒဏ်ကြေးငွေ ဝမ် ၁၀ သိန်း

(၂) ဗီဇာမဲ့ကာလ(၁)လမှ (၃)လအတွင်း ဖြစ်ပါက ဒဏ်ကြေးငွေ ဝမ် ၁၅ သိန်း

(၃) ဗီဇာမဲ့ကာလ(၃)လမှ (၆)လ အတွင်းဖြစ်ပါက ဒဏ်ကြေးငွေဝမ် သိန်း ၂၀

(၄) ဗီဇာမဲ့ကာလ(၆)လမှ (၁)နှစ်အတွင်း ဖြစ်ပါက ဒဏ်ကြေးငွေ ဝမ်သိန်း ၄၀

(၅) ဗီဇာမဲ့ကာလ(၁)နှစ်မှ (၂)နှစ် အတွင်းဖြစ်ပါက ဒဏ်ကြေးငွေ ဝမ်သိန်း ၇၀

(၆) ဗီဇာမဲ့ကာလ(၂)နှစ်မှ (၃)နှစ်အတွင်းဖြစ်ပါက ဒဏ်ကြေးငွေ ဝမ်သိန်း ၁၀၀

(၇) ဗီဇာမဲ့ကာလ(၃)နှစ်အထက်နေထိုင်ပါက ဒဏ်ကြေးငွေ ဝမ်သိန်း ၂၀၀ ပေးဆောင်ရမည်ဖြစ်ပါသည်။

ဗီဇာမဲ့နေထိုင်သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ထိန်းသိမ်းခံရခြင်းမရှိဘဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၁)ရက်နေ့မှစတင်၍ မိမိဆန္ဒအလျှောက် ပြန်လည်ထွက်ခွာမည်ဆိုပါက ဗီဇာမဲ့နေထိုင်မှု (၃)လ အတွင်းဖြစ်ပါက သတ်မှတ်ဒဏ်ကြေး၏

၃၀ ရာခိုင်နှုန်းနှင့် ဗီဇာမဲ့နေထိုင်မှု(၃)လကျော်လွန်ပါက သတ်မှတ် ဒဏ်ကြေး၏ ၅၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအလိုက် ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းများလည်းရှိမည်ဖြစ်ပါကြောင်း၊ မိမိဆန္ဒအလျောက် ပြန်လည်ထွက်ခွာသွားမည့် ဗီဇာမဲ့နိုင်ငံခြားသားများသည် အလုပ်လုပ်ကိုင်ခွင့်ဗီဇာ(E-9)ဗီဇာဖြင့် နောက်တစ်ကြိမ် ထပ်မံဝင်ရောက်ခွင့်ရရှိမည်မဟုတ်ဘဲ ကိုရီးယားသမ္မတနိုင်ငံသို့ အလည်အပတ်ဗီဇာ(C-3)(ရက် ၉၀ နေထိုင်ခွင့်) ဖြင့်လည်းကောင်း၊ ရာသီချိန်လုပ်သားအဖြစ်လည်းကောင်း၊ ကိုရီးယားဘာသာစကားသင်ကြားလိုလျှင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုလျှင်လည်းကောင်း သတ်မှတ်ထားသည့် မူဝါဒများအတိုင်း ဗီဇာများကိုထုတ်ပေးမည်ဖြစ်ပါကြောင်း၊ အလည်အပတ်ဗီဇာ(C-3)ဖြင့် ဝင်ရောက်လာပြီးနောက်(၁)နှစ်အတွင်း နောက်တစ်ကြိမ် ကိုရီးယား သမ္မတနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုပါက အဆိုပါဗီဇာကို ဒုတိယအကြိမ် ပြန်လည်လျှောက်ထားနိုင်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှထွက်ခွာပြီးနောက် ပြန်လည်ဝင်ရောက်မည့် နိုင်ငံခြားသားသည် နိုင်ငံအသီးသီးရှိ ကိုရီးယားသံရုံးများ၌ ဗီဇာလျှောက်ထားစဉ် အောက်ပါအချက်များလိုအပ်မည်ဖြစ်ပါကြောင်းလည်းကြေငြာထားပါသည် -

(၁) မိခင်နိုင်ငံ၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ

(၂) တီဘီရောဂါမရှိကြောင်းဆေးထောက်ခံစာ

မိမိဆန္ဒအလျောက် ပြန်လည်ထွက်ခွာခြင်းမပြုဘဲ ဖမ်းဆီးခံရပါက ဒဏ်ကြေးငွေနှင့် သတ်မှတ်ကာလ အလိုက် ပြည်ဝင်ခွင့်ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ မိမိဆန္ဒအလျောက် ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည် ထွက်ခွာမည့် ဗီဇာမဲ့နိုင်ငံခြားသားများသည် ၎င်းတို့နှင့်နီးစပ်ရာ လူဝင်မှုကြီးကြပ်ရေးရုံးများသို့ သွားရောက်၍ ပြန်လည်ထွက်ခွာခွင့်ပြုပါရန် လျှောက်ထားရမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးရုံးမှ ကိုရီးယားသမ္မတနိုင်ငံ အတွင်းနေထိုင်စဉ် ပြစ်မှုကျူးလွန်ခဲ့မှုရှိမရှိစစ်ဆေး၍ ပြစ်မှုကင်းရှင်းမှသာ ခွင့်ပြုပေးမည်ဖြစ်ကြောင်းသိရှိရ ပါသည်။

**Source: စီးပွားရေးသံမှူး-ဆိုးလ်မြို့**

## ကမ္ဘာ့ဒေါ်လာဈေးအညွှန်းကိန်း ၉၆ ပွိုင့်အထက်ဖြစ်ပေါ်ပြီး နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၇၄ ကျပ်ဝန်းကျင်ရှိနေ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်တွင် ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်း ၉၆ ပွိုင့် အထက်ဖြစ်ပေါ်ပြီး ပြည်တွင်းဈေးကွက်၌ တစ်ဒေါ်လာ ၁၄၇၄ ကျပ်ဝန်းကျင်ရှိခဲ့ကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှစတင်ကာ သိသိသာသာမြင့်တက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့်ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံး စံချိန်ထပ်တင်ခဲ့သည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိ ပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိ ကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိပြန်တက်ခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် ၁၅၀၇ ကျပ်အထိ ပြန်လည် ကျဆင်းခဲ့သည်။

ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြား ငွေလဲနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ၁၅၁၀-၁၅၇၇ ကျပ်၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၅၁၄-၁၅၄၀ ကျပ်၊ ဖေဖော်ဝါရီတွင် ၁၅၀၃-၁၅၂၉ ကျပ်၊ မတ်တွင် ၁၅၀၈ -၁၅၂၇ ကျပ်၊ ဧပြီတွင် ၁၅၀၄-၁၅၂၅ ကျပ်၊ မေတွင် ၁၅၁၆-၁၅၃၈ ကျပ်၊ ဇွန်တွင် ၁၅၁၇-၁၅၂၉ ကျပ်၊ ဇူလိုင်တွင် ၁၅၀၈-၁၅၁၇ ကျပ်၊ ဩဂုတ်တွင် ၁၅၁၀-၁၅၂၆ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈-၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀-၁၅၂၄ ကျပ်တို့ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်တွင်ဖြစ်ပေါ်သော အခြားနိုင်ငံခြား ငွေကြေးများ၏ လဲလှယ်မှု နှုန်းထားများမှာ ယူရို ၁၆၃၅ ကျပ်၊ စင်ကာ ပူဒေါ်လာ ၁၀၉၀ ကျပ်၊ မလေးရှားရင်းဂစ် ၃၅၆ ကျပ်၊ ထိုင်းဘတ် ၄၈ ဒသမ ၄ ကျပ်၊ တရုတ်ယွမ် ၂၀၈ ကျပ်ဖြစ်သည်။

**Source:** https://news-eleven.com/article/153079

## ၂၀၂၀တွင် ကမ္ဘာ့ကားဈေးကွက်၌ မြင့်မားစွာဆက်လက်ရပ်တည်မည်ဟု တိုယိုတာမျှော်မှန်း

ဂျပန်နိုင်ငံမှ မော်တော်ကားထုတ်လုပ်သည့် တိုယိုတာကော်ပိုရေးရှင်းသည် ကမ္ဘာ့ထိပ်တန်း မော်တော်ကားဈေးကွက်ဖြစ်သည့် တရုတ်နှင့်အမေရိကန်တို့၏ ဈေးကွက်များအနည်းငယ် အေးသွားသော်လည်း ၂၀၂၀ ပြည့်နှစ်တွင်အမြင့်ဆုံးဆက်လက်ထိန်းထားနိုင်မည်ဟု မျှော်မှန်းထားသည်။ အော်တိုမော်တော်ကားထုတ်လုပ်သည့် ကမ္ဘာကျော်ကုမ္ပဏီကြီးများသည် ၎င်းတို့၏ ထုတ်လုပ်ရောင်းချမှုကို မြှင့်တင်ဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် များကို လျှော့ချခြင်း၊ self-driving မော်တော်ယာဉ်များနှင့် လျှပ်စစ်စွမ်းအင် အသုံး ပြုသည့် မော်တော်ယာဉ်များထုတ်လုပ်ခြင်း စသည့် နည်းပညာအသစ်အဆန်းများ ကို တီထွင်ဆောင်ရွက်လာကြသဖြင့် မော်တော်ကားထုတ်လုပ်ရောင်းချမှု ဈေးကွက်၏ ပြိုင်ဆိုင်မှုလည်းမြင့်မားလာသည်။

ဂျပန်မှ အော်တိုကားထုတ်လုပ်သည့် တိုယိုတာအနေဖြင့် လာမည့် ၂၀၂၀ နှစ်တွင် အစီးရေ ၁၀ ဒသမ ၇၇ သန်းအထိ ရောင်းချသွားရန် ပြင်ဆင်နေကြောင်း၊ ယခုဒီဇင်ဘာအကုန်တွင် စီးရေ ၁၀ ဒသမ ၇၂ သန်းရောင်းချရန် ဆောင်ရွက်သွား မည်ဟုဆိုသည်။ ဂျာမနီနိုင်ငံမှ Volkswagon ကားထုတ်လုပ်မှုသည် လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလက ထိပ်တန်းရောင်းအားအကောင်းဆုံး စာရင်းဝင်ဖြစ်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်းက MAN နှင့် Scaniax ရပ်ကားကြီးများအပါအဝင် အစီးရေ ၁၀ ဒသမ ၈၃ သန်းခန့် ထုတ်လုပ်ရောင်းချခဲ့သည်။

**Source:** https://business.facebook.com/SFJWeekly/posts/2920572471363359?__tn__=K-R

## ၂၀၂၁ မှစ၍ လာအိုမှ လျှပ်စစ်ဓာတ်အား ဝယ်ယူရန် ဗီယက်နမ်စီစဉ်

လာမယ့်နှစ်ကနေစလို့ လာအိုနိုင်ငံဆီကနေ လျှပ်စစ်ဓာတ်အား ဝယ်ယူဖို့အတွက် သဘောတူစာချုပ်သစ်ငါးခုကို ဗီယက်နမ်လျှပ်စစ်ကုမ္ပဏီ EVN က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ယင်းနိုင်ငံပိုင်ကုမ္ပဏီကပြောပါတယ်။ အဆိုပါ အရှေ့တောင်အာရှ နိုင်ငံဟာ လာမယ့် ၂၀၂၁ ကနေစလို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်တက်မှုနဲ့ ရင်ဆိုင်ရဖို့ရှိတယ်လို့ သိရပါတယ်။ယင်းနိုင်ငံမှာ လာမယ့် ၂၀၂၁ ကျရင် လျှပ်စစ်လိုအပ်ချက်ဟာ ထုတ်လုပ်နိုင်မှုထက် ကီလိုဝပ် နာရီ ၆ ဒသမ ၆ ဘီလီယံကျော်လွန်သွားဖွယ်ရှိနေပြီး ၂၀၂၃ မှာ ကီလိုဝပ်နာရီ ၁၅ ဘီလီယံ ကျော်လွန်ဖွယ်ရှိနေပါတယ်။

ဒီအတွက်ကြောင့် လာမယ့် ၂၀၂၁ နဲ့ ၂၀၂၂ ကနေစလို့ လာအိုရေအားလျှပ်စစ်စက်ရုံငါးခုကနေ လျှပ်စစ်ဝယ်ယူမှု သဘောတူညီချက်တွေကို EVN က လက်မှတ်ထိုးခဲ့တာဖြစ်ပါတယ်။အဆိုပါ စက်ရုံတွေကတော့ စုစုပေါင်းလျှပ်စစ် ထုတ်လုပ်နိုင်မှုအား ၃၆၃ မဂ္ဂါဝပ်ရှိတယ်လို့သိရပါတယ်။

**Source:** https://www.reuters.com/…/vietnam-in-deals-to-buy-laos-elec…

SFJ Strategy First Journal

## ကျောက်စိမ်းအတွဲပေါင်း (၁၁၅၈) တွဲကို ငွေကျပ် ၂၃၅၆၁ ဒသမ၄၀၃ သန်းဖြင့်ရောင်းချ

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲပဉ္စမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချခဲ့ပြီး ကျောက်စိမ်း အတွဲပေါင်း (၁၁၅၈) တွဲကို ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့်ရောင်းချနိုင်သည်။ ယနေ့ရောင်းချပွဲတွင် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုကြပြီး ဈေးနှုန်းအဆိုပြုလွှာများ ရေးသား၍ သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲ အမှတ်(၁၂၅၁)မှ အတွဲအမှတ် (၂၅၀၀)အထိ ကျောက်စိမ်းအတွဲပေါင်း (၁၂၅၀) တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ (၁၁၅၈) တွဲကို ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့် ပြည်တွင်းရတနာ ကုန်သည်များထံ ရောင်းချနိုင်သည်။ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို

ဇန်နဝါရီ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ အမှတ်(၂၅၀၁)မှ အတွဲအမှတ် (၃၆၉၅) ထိ ကျောက်စိမ်းအတွဲပေါင်း (၁၁၉၅) တွဲကို အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေး သွားမည်ဖြစ်ကြောင်းသိရသည်။

ယခုရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ကျော်လာရောက်ခဲ့ပြီး ယနေ့အထိ ကျောက်မျက်အတွဲပေါင်း (၂၈၆)တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း (၂၅၀၀)တွဲ ကို အီတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြိုင်ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ကိုးတွဲကို ငွေကျပ် ၃၆ ဒသမ ၉၁၈ သန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ (၂၃၅၀)တွဲကို ငွေကျပ် ၄၂၃၈၆ ဒသမ ၁၂ သန်းဖြင့်လည်းကောင်း ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://business.facebook.com/SFJWeekly/posts/2920216788065594?__tn__=K-R

## ဂျပန်ချေးငွေကျပ်ဘီလီယံ ၁၄၀ ကျော်ကို MSME လုပ်ငန်းရှင်များရယူနိုင်ကြောင်း မြန်မာ့စီးပွားရေး ဘဏ်ကြေညာ

ဂျပန်အပြည်ပြည်ဆိုင် ရာ ပူးပေါင်းဆောင်ရွက်ရေးအေ ဂျင်စီ (JICA)၏ ချေးငွေ ကျပ်ဘီ လီယံ ၁၄၀ ကျော်ကို အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME)လုပ်ငန်းရှင်များ ရယူနိုင် ကြောင်း မြန်မာ့စီးပွားရေးဘဏ် က ဇန်နဝါရီ ၅ ရက်တွင် ကြေ ညာသည်။

JICA ၏ အသေးစား၊ အ လတ်စား လုပ်ငန်းများအပေါ် ချေးငွေစီမံကိန်းအဆင့်နှစ်ခုရှိပြီး JICA ထံမှ ရရှိသော ငွေများကို ချေးငွေထုတ်ချေးထားမှုနှင့် ချေး ငွေရယူနိုင်ကြောင်း ကြေညာချက်တွင် အသိပေးသည်။ MSME များအတွက် ဂျပန်ယန်း သန်း ၁၀၀၀၀ ကျော် (၁၀,၅၀၀)နှင့်ညီမျှသည့် ကျပ် ၁၄၃ ဒသမ ၁၂၅ ဘီလီယံကို ရယူထားပြီး ၂၀၁၉ နိုဝင်ဘာအထိ ပြည်တွင်း MSME လုပ်ငန်း ရှင် ၄၈၉ ဦးကို ကျပ် ၈၃ ဘီလီယံ ထုတ်ချေးထားကြောင်း ကြေညာချက်တွင်ဖော်ပြသည်။ ယင်းချေးငွေများကျန်ရှိနေသေးပြီး MSME လုပ်ငန်းရှင်များ လိုအပ်သောအရင်းအနှီးများကို ပြည်တွင်းဘဏ် ၁၁ ခုတွင် လျှောက်ထားနိုင်ကြောင်း ဆက်လက်ဖော်ပြထားသည်။ ယင်းဘဏ်များသည် မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ သမဝါယမဘဏ်၊ ရှေ့ဝတီဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ အသေးစားနှင့်အလတ်စားလုပ်ငန်း များဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အရှေ့တိုင်းဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် နေပြည်တော်စည်ပင်ဘဏ်တို့ ဖြစ်သည်။

အသေးစား၊ အလတ်စားနှင့်အငယ်စားလုပ်ငန်းတစ်ခုလျှင် အများဆုံးကျပ်သန်း ၅၀၀ ထုတ်ချေးနိုင်ပြီး အတိုးနှုန်း အနေဖြင့် အပေါင်ပစ္စည်းပေးအပ်နိုင်မှုအပေါ်မူတည်၍ အနည်းဆုံး ၈ ဒသမ ၅ မှ အများဆုံး ၁၃ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။ ချေးငွေအပေါ်အသုံးပြုရန် ပုံသေရင်းနှီးငွေအတွက် ချေးငွေ၏အနည်းဆုံး ၈၀ ရာခိုင်နှုန်းအ သုံးပြုရမည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်ရင်းနှီးငွေအတွက် ချေးငွေ၏ အများဆုံး ၂၀ ရာခိုင်နှုန်းသတ်မှတ်ထားသည်။ ချေးငွေသက် တမ်းကို တစ်နှစ်အထက်မှ ငါးနှစ်အထိပေးမည်ဖြစ်ကြောင်း ကြေညာချက်ကဆိုသည်။ ချေးငွေစီမံကိန်းတွင် အကျုံး မဝင်သော လုပ်ငန်းများလည်းရှိ ပြီး ယင်းတို့သည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ၊ အိမ်ခြံမြေအ ကျိုးဆောင်လုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့်အာမခံလုပ်ငန်းများ၊ အ ဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ၊ အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်းများ၊ ဖြေဖျော်မှု၊ တင်ဆက်မှုလုပ်ငန်းများ နှင့်လက်နက်ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများဖြစ်သည်။ ချေးငွေထုတ်ချေးနေကြောင်း သိရှိသော်လည်း ဘဏ်မှ တောင်းဆိုသည့် အပေါင်ပစ္စည်းပြသပြီးနောက် ရရှိလာသည့် ချေး ငွေနှင့်လုပ်ငန်းထဲသို့ ထည့်သွင်း ရသည့်အရင်းအနှီးကြောင့် ချေး ငွေသည် ထူးခြားမှုမရှိသဖြင့် ရယူ လိုခြင်းမရှိကြောင်း ဖယောင်းတိုင်ထုတ်သည့်လုပ်ငန်းရှင်ကိုညီညီကဆိုသည်။

မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းရှင်များသည်အစိုးရအထောက်အပံ့ရရှိမှုများစွာနည်းပါးနေပြီး ၂၀၁၉ က အစိုးရ၏ ထုတ်ပြန်ချက်တွင် MSME လုပ်ငန်းအရေအတွက် ခုနစ်သောင်းကျော်၌ လုပ်ငန်းရှင် ၂,၂၀၇ ဦးသို့သာ ချေးငွေထုတ် ချေးနိုင်ခဲ့သည်။ ချေးငွေထုတ်ချေးသည့်လုပ်ငန်းစဉ်ကို ဖြေလျှော့ရန်စီစဉ်နေကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားထားသော်လည်း လက်ရှိအချိန်ထိ တိကျသောမူဝါဒတစ်စုံတစ်ရာထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။

**Source:** https://7day.news/ 175161

## မန္တလေးဈေးကွက်တွင်ပဲစင်းငုံသီးနှံ အဖွင့်ဈေးကောင်း



၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် နွားထိုးကြီးမြို့နယ်များမှ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ပဲစင်းငုံသီးနှံများ မန္တလေးဈေးကွက်တွင် ယခင်နှစ်ကာလတူရာသီထက် အဖွင့်ဈေးပိုမိုကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။ အဆိုပါ ပဲစင်းငုံမှာ ယခင်နှစ် ကာလတူတွင် မန္တလေးဈေးကွက်၌ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် အဖွင့်ဈေးရှိခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ငွေကျပ်ခုနစ်သောင်း ပေါက်ဈေးဖြင့် ယခင်နှစ်ကာလတူထက် ငွေကျပ်နှစ်သောင်းပိုမိုကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့် ပွဲရုံ)က ပြောသည်။ "ဒီနှစ်ထွက်တဲ့ ပဲစင်းငုံက အဖွင့်ဈေးကောင်းပေမယ့် လက်ရှိမှာတော့ ပြည်တွင်းက လှောင်သမားတွေနဲ့ ဝယ်ရောင်းလုပ်တဲ့သူတွေပဲ ဝယ်နေကြသေးတယ်။ ပြည်ပဝယ်လက်မရှိသေးဘူး။ ဒီပဲကို အဓိကဝယ်ယူနေတဲ့ အိန္ဒိယနိုင်ငံက ၂၀၁၉ ခုနှစ် မေလတုန်းက စာချုပ်နဲ့ဝယ်ယူခဲ့တဲ့ တန်ချိန်တစ်သိန်းခွဲကလည်း ပြည့်သွားပြီဆိုတော့ အဝယ်ရပ်ဆိုင်းနေတယ်။ ဒါကြောင့် အခုလိုရာသီမှာ မတ်ပဲလိုပဲ ပဲစင်းငုံကို စာချုပ်နဲ့ထပ်တိုးဝယ်ယူမှု တွေရှိလာဖို့ တောင်သူတွေနဲ့ ကုန်သည်တွေမျှော်လင့်နေကြတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကထွက်တဲ့ ပဲစင်းငုံကိုဓာတုကင်းလွတ်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တယ်ဆိုတဲ့အသိနဲ့ တခြားနိုင်ငံတွေကထွက်တဲ့ ပဲစင်းငုံထက် ပိုမိုစားသုံးကြပါတယ်။ နှစ်စဉ်လည်း ဝယ်ယူမှုတွေ ရှိခဲ့တယ်။ ဒါကြောင့် မကြာခင်ကာလမှာ စာချုပ်နဲ့ဝယ်ယူမှုတွေရှိလာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ၎င်းကပြောသည်။

ပဲစင်းငုံသီးနှံထွက်ပေါ်ချိန်တွင် လက်ရှိပေါက်ဈေးနှင့်ပတ်သက်၍ ကျောက်ဆည်မြို့နယ်မှ တောင်သူ တစ်ဦးကလည်း "အဖွင့်ဈေးကောင်းလို့ ကျွန်တော်တို့ တောင်သူတွေနည်းနည်းစိတ်အေးရတယ်။ ဒီနှစ်ရဲ့ အထွက်နှုန်းကလည်း သင့်တင့်တဲ့အတွက် ဒီထက်ပိုပြီးဈေးကောင်းရဖို့နဲ့ အဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံက ဝယ်ယူဖို့ မျှော်လင့်နေကြတယ်"ဟု ပြောသည်။ ပဲစင်းငုံသီးနှံကို မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုး ထွက်ရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ၂၀၂၁ တွင် ထောပတ်သီး တန်ချိန်နှစ်သိန်းနီးပါးထိ ထွက်ရှိလာနိုင်

မြန်မာနိုင်ငံတွင် သစ်သီးဝလံထုတ်လုပ်မှု အခြေအနေတိုးတက်လာသည်မှာ အထင်အရှားဖြစ်သည်။ ထိုအထဲတွင် ထောပတ်သီးထုတ်လုပ်မှုမှာ တစ်ခုအပါအဝင်ဖြစ်ပြီး ယခုနှစ်တွင် တန်ချိန်ရှစ်သောင်းခန့်နှင့် ၂၀၂၁ခုနှစ်တွင် တန်ချိန်နှစ်သိန်းခန့်အထိ တိုးတက် ထွက်ရှိနိုင်မည်ဟုခန့်မှန်းထားကြသည်။ ထောပတ်သီးထုတ်လုပ်မှု ပိုမိုလာသည်နှင့်အမျှ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့တင်ပို့မှုလည်းမြင့်တက်လာပြီး လက်ရှိဘဏ္ဍာနှစ်တွင် တန်ချိန်ငါးသောင်းကိုတင်ပို့ရန် လျာထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ထောပတ်သီးကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် ထောပတ်သီးစိုက်ခင်းတွင် ပိုးမွှားရောဂါကျရောက်ပါက ထောပတ်အစုအဖွဲ့နှင့် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ဝေမျှနိုင်ရန် လေ့လာရေးခရီးစဉ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ ထောပတ်သီး စားသုံးခြင်းကို ယဉ်ကျေးမှုတစ်ရပ်အဖြစ် ခရီးသွားလုပ်ငန်းများကို အထောက်အကူပြုနိုင်ရာ ထောပတ်သီးစားဖွယ်ရာများ ပြင်ဆင်ချက်ပြုတ်နည်းသင်တန်းများကို ဒေသအလိုက်ကျင်းပခြင်း၊ ဒေသနှင့်ကိုက်ညီသည့် ထောပတ်မျိုးများ စိုက်ပျိုးစေခြင်း၊ နည်းပညာစာစောင်များဖြန့်ဝေခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

ထောပတ်သီးကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ်ထုတ်လုပ်ပြီး အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ရေချိုးဆပ်ပြာဆီများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာလျက်ရှိရာ အဆိုပါကဏ္ဍများ ပိုမိုတိုးတက်လာသည်နှင့်အမျှ ဈေးကွက်လိုအပ်ချက် ပိုမိုအားကောင်းလာနိုင်ကြောင်းသိရသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိသော်လည်း ဈေးနှုန်းအရနည်းပါးနေခြင်း ကြောင့် တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ နေသလို ပိုမိုထွက်ရှိလာမည့် အသီးများအတွက်

ဈေးကွက်ကြိုတင်ပြင်ဆင်နိုင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးကပြောသည်။

မူဆယ်လမ်းကြောင်းမှ သစ်သီးဝလံရှစ်မျိုးကို မည်သည့်လမ်းကြောင်းမှမဆို တရားဝင်တင်သွင်းနိုင်ပြီဖြစ်၍ ထောပတ်သီးကို တရားဝင် တင်ပို့ခွင့်ရပါက ဈေးကွက်အလားအလာ ပိုအားကောင်းလာနိုင်ကြောင်းလည်းသိရသည်။ ပြည်ပဈေးကွက်သို့တင်ပို့နိုင်ရေးအတွက် အပင်ပိုးမွှားရောဂါများကင်းရှင်းမှု၊ ဂျီအေပီနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် သတ်မှတ် အရည်အသွေးအတိုင်း ပြည့်မီစွာစိုက်ပျိုးထုတ်လုပ်ရန်လည်း လိုအပ်လျက်ရှိသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## စင်ကာပူတွင် မလေးရှားမှတင်သွင်းသော ဟင်းသီးဟင်းရွက်များ၏ဈေးနှုန်းမြင့်တက်

မုတ်သုံရာသီအတွင်း မလေးရှားတွင် ဖြစ်ပေါ်လျက်ရှိသော မိုးများခြင်းနှင့်ရေကြီးရေလျှံမှုများကြောင့် စင်ကာပူတွင် မလေးရှားမှ တင်သွင်းသည့် အရွက်စားဟင်းသီး ဟင်းရွက် အချို့၏ဈေးနှုန်းသည် မြင့်တက်ခဲ့ပါသည်။ အထူးသဖြင့် အရွက်စားဟင်းရွက်များ၏ ဈေးနှုန်းသည် ၈၀ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ နှစ်စဉ် ရာသီဥတုဆိုးရွားမှုအခြေအနေများ၏ သက်ရောက်မှုကြောင့် စင်ကာပူတွင် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းသည် အတက်အကျ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုနှစ်တွင် အဆိုးဝါးဆုံးအခြေအနေဖြစ်လာကြောင်း၊ မလေးရှားမှတင်သွင်းသည့် အချို့သောဟင်းသီးဟင်းရွက်များသည် လွန်ခဲ့သည့် နှစ်ပတ်ခန့်ကတည်းက ဈေးနှစ်ဆမြင့်တက်လာခဲ့ကြောင်း၊ စူပါမားကတ်ကြီးများ၏ ဈေးနှုန်းထက်ဝယ်လက်အနည်းစုအပေါ် မှီခိုတင်သွင်းရောင်းချသည့် ရပ်ကွက်ဈေးများ၏ ဈေးနှုန်းသည် ပိုမိုမြင့်တက်ခဲ့ကြောင်း၊ မလေးရှားမှတင်သွင်းသည့် ဆလပ်မုန်လာထုပ်၏ဈေးနှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည့်အတွက် လက်ကားကုန်သည်များသည် ထိုင်ဝမ်မှအစားထိုးတင်သွင်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် စင်ကာပူဈေးကွက်အတွင်း တရုတ်၊ အင်ဒိုနီးရှားနှင့် ထိုင်းတို့မှ တင်သွင်းလျက်ရှိသည့် ဟင်းသီးဟင်းရွက်များ၏ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပါကြောင်းသိရှိရပါသည်။

**Source:** စီးပွားရေးသံမှူး-စင်ကာပူ

## STOCK EXCHANGE (8.1.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,500 | 11,000 | 978 | 10,759,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 10,595 | 40,780,750 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 645 | 5,224,500 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 1,993 | 45,706,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1 | 2,900 | 12,823,224 | 37,187 |

## Market summary

As of 8th Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 457.46 | +0.66 | +0.14% | 455.14 | 467.36 | 455.14 | 14,212 | 102,474,150 | 5 | 626,409 |

### Index chart




# Market Overview

As of 1:00 pm, 8th Jan. 2020

| MYANPIX | 457.46 ▲0.66 |
|---|---|
| Total Volume (shares) | 14,212 |
| Total Value (MMK) | 102 mil |
| Listed Company | 5 |
| Market Cap. (MMK) | 626,409 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |